**ဝန်ဆောင်မှုကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ဘာသာရပ်ဆိုင်ရာရှင်းလင်းချက်များ**

၁။ ကုန်သွယ်မှုဟုဆိုရာတွင် ကုန်စည်ကုန်သွယ်ရေး (Trade in Goods) နှင့် ဝန်ဆောင်မှု ကုန်သွယ်ရေး (Trade in Services) ဟူ၍ (၂) ပိုင်း ရှိပါသည်။ ကုန်စည်ကုန်သွယ်ရေးတွင် ကုန်စည် များကို ရုပ်ဝတ္ထုဖြင့် မြင်တွေ့၊ ကိုင်တွယ် သိမြင်နိုင်ပါသည်။ သို့သော် ဝန်ဆောင်မှုသည် ကိုင်တွယ်၍ မြင်တွေ့၍မရပဲ ခံစားရယူရခြင်းများဖြစ်သည့်အတွက် (intangible) ဖြစ်သောကြောင့် ကုန်စည်ထက် ပိုမိုနက်နဲကျယ်ပြန့်ပါသည်။

၂။ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization – WTO) တွင် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ အထွေထွေသဘောတူညီချက် (General Agreement on Trade in Services – GATS) ရှိပြီး ဝန်ဆောင်မှုကဏ္ဍများနှင့်စပ်လျဉ်း၍ W–120 List ကို အခြေခံပါ သည်။

၃။ အာဆီယံတွင်ဝန်ဆောင်မှုဆိုင်ရာအာဆီယံမူဘောင်သဘောတူညီချက် (ASEAN Framework Agreement on Services – AFAS) ကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုး ခဲ့ပါသည်။ ၎င်းသဘောတူညီချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ သည် အာဆီယံအဖွဲ့ဝင် စတင်ဖြစ်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစ၍ Protocol များရေးထိုး၍ ၎င်း Protocol များတွင် ဈေးကွက်ဖွင့်လှစ်ပေးမည့်ကဏ္ဍများကို ဖော်ပြ၍ နောက်ဆက်တွဲ တွဲကာ ၎င်းကတိကဝတ် များအတိုင်း နိုင်ငံခြားလုပ်ငန်းများဝင်ရောက်လုပ်ကိုင်ခွင့်ပြု၍ အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ အဆိုပါ AFAS ကို အကောင်အထည်ဖော်သည့် Protocol သည် ဒသမ မြောက်သို့ ရောက်ရှိခဲ့ပြီး အဆိုပါ 10th package Protocol ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီးမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဝန်ဆောင်မှုမူဘောင်သဘောတူညီချက်ကို အခြေခံပြီး ဝန်ဆောင်မှုကဏ္ဍခွဲများကို ၁၉၉၇ ခုနှစ်မှ စတင်၍ အသုတ်လိုက်ဖြေလျှော့လျက်ရှိရာ ဒသမအသုတ် အထိ ဝန်ဆောင်မှုကဏ္ဍခွဲပေါင်း (၁၁၄) ခု၊ ဈေးကွက်ဖွင့်လှစ်သည့်နည်းလမ်း (mode) အားဖြင့် (၃၂၆) ခုကို ဈေးကွက်ဝင်ရောက်ခွင့်ပြုပြီးဖြစ်ပါသည်။

၅။ 10th package Protocol သည် အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေးအတွက် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် နောက်ဆုံး Protocol ဖြစ်ပါသည်။ ရှေ့လျှောက်တွင် AFAS + Protocol (၁၀) ခုလုံးကို အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူစာချုပ် (ASEAN Trade in Services Agreement – ATISA) ဖြင့် လွှမ်းခြုံ၍ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။ 10th package တွင် နောက်ဆက်တွဲမည့် စုစည်းထားသော ကတိကဝတ်များဇယား (consolidated list) သည် ATISA သို့ ပြောင်းသည့်အခါ နောက်ဆက်တွဲ (က) (Annex I) ဖြစ်လာ မည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ အနာဂတ်တွင် နိုင်ငံခြားလုပ်ငန်းများသို့ ဈေးကွက်ဝင်ရောက်ခွင့် (မပြု) လိုသည့်ကဏ္ဍများသည် နောက်ဆက်တွဲ (ခ) (Annex II) ဖြင့် ပါဝင်လာမည်ဖြစ်ပါသည်။ နောက်ဆက်တွဲ (ခ) (Annex II) ဖြင့် ဖော်ပြမည့်စာရင်းကို reservation list ဟု သုံးနှုန်းပြီး policy space ထားသည်ဟု အာဆီယံတွင် သုံးနှုန်းပါသည်။

၆။ ထို့ကြောင့် နောက်ဆက်တွဲ Annex I သည် ယခင် AFAS တွင် 10th Package အထိ ဈေးကွက် ဖွင့်လှစ်ထားသည်များအောက် မလျော့နည်းသည့် ခွင့်မပြုမှု (ခွင့်မပြုခြင်း) များကို ဖော်ပြရမည် ဖြစ်ပါသည်။ (ဥပမာ။ AFAS တွင် Leasing and Rental services concerning pleasure and leisure equipment (CPC 83204) ကို Joint Venture ဖြင့် ဆောင်ရွက်ခွင့်ပြုရာ၌ Foreign Equity 70% ခွင့်ပြုထားရာ ၊ 10th Package Protocol အသက်ဝင်အကောင်အထည်ဖော်ပြီး နောက်ပိုင်းတွင် Foreign Equity 60% သို့ ပြင်ဆင်နောက်ဆုတ်၍မရပါ)

၇။ ထို့အပြင် National Treatment သည် နိုင်ငံခြားဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံသား ဝန်ဆောင်မှုလုပ်ငန်းများဖြင့်တန်းတူခွင့်ပြုထားခြင်းမရှိပါကတပါတည်းဖော်ပြပေးရမည်ဖြစ်ပါသည်။

၈။ ဈေးကွက်ဝင်ရောက်ခွင့်ပြုထားသည့် ကဏ္ဍ/ကဏ္ဍခွဲများတွင် CPC code များဖြင့် ဖော်ညွှန်း ထားပြီး မည်ကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများ အကျုံးဝင်သည်ကို UN မှ ထုတ်ဝေထားသည့် CPC စာအုပ်တွင် လေ့လာနိုင်ပါသည်။